ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (25-2-2009) (၅၉၆၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၂၅

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံ အကြီးအကဲ ရှိတ်ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၂၅

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်လ်မိုဟာမက် အယ်လ်အာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်   ဖေဖော်ဝါရီ   ၂၄

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနား ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ဓမ္မာရုံ၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ မဟာမင်္ဂလာအခမ်းအနားများတွင် ဆောင်ရွက်ကြမည့် သက်ဆိုင်ရာကော်မတီများအနေဖြင့် မိမိတို့လုပ်ငန်းများအလိုက် ချို့ယွင်းချက်မဖြစ်အောင် စနစ်တကျကြပ်မတ် ဆောင်ရွက်ကြရန်၊ အထူးသဖြင့် ဆရာတော်များ သီတင်းသုံးနိုင်ရေးအတွက် နေရာချထားရေးအဖွဲ့များက အလေးထားဆောင်ရွက်ရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ယခုကျင်းပမည့် သာသနာရေးဆိုင်ရာ အခမ်းအနားများသည် နေပြည်တော်၌ ပထမဦးဆုံး ကျင်းပဆောင်ရွက်ခြင်းဖြစ်၍ ဝန်ကြီးဌာနများနှင့် ကော်မတီအသီးသီးတို့အနေဖြင့် ဝိုင်းဝန်းညှိနှိုင်းကူညီဆောင်ရွက်ကြရန်၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း စနစ်တကျ စစ်ဆေးဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာ ကော်မတီအသီးသီးနှင့် ဝန်ကြီးဌာနများမှ ဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်သည်များ ဝိုင်းဝန်းအကြံဉာဏ်ပေး ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက စေတီတော်၌ ကျင်းပမည့် မဟာမင်္ဂလာအခမ်းအနားများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆပ်ကော်မတီ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လုပ်ငန်းကော်မတီ၏ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သံဃာတော်များ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပမည့် သာသနာ့ဗိမာန်တော်ကြီးကို တွေ့ရစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ
The Mirror
၂၅-၂-၂၀၀၉
(ဗုဒ္ဓဟူးနေ့)

လူငယ်လူရွယ်များ ပညာရည်မြင့်မားအောင် မိဘ၊ဆရာ၊ကျောင်းသား ပေါင်းစည်းစွမ်းဆောင်

နိုင်ငံတော်အပိုင်းက လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကွန်ရက်စီမံကိန်းအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖော်ဆောင်ပေးနေသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာနှင့်ကုမ္ပဏီများ၊ စေတနာရှင်ပြည်သူများကလည်း လူအင်အား၊ ငွေကြေး၊ ပစ္စည်းတို့ဖြင့် အားတက်သရော ပံ့ပိုးကူညီလျက်ရှိရာ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်နေပြီဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း အကောင်အထည်ဖော်နေသည့် လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်း၊ တံတားများသည် ဒေသဆက်သွယ်သွားလာရေးနှင့် သဘာဝဘေးအန္တရာယ် ကြုံလာပါကဘေးလွတ်ရာသို့ အချိန်မီ ရှောင်တိမ်းသွားလာရေးတို့အတွက် အသုံးပြုနိုင်မည့်အပြင် လူမှုရေးလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ယခုအခါ အချို့သောလမ်းပိုင်းများတွင် မြေကြီးတာပေါင်လုပ်ငန်းများ၊ လမ်းပိုင်းရှိ တံတားများ တည်ဆောက်ရေးနှင့် အသက်ကယ်ကုန်းမြင့်တည်ဆောက်မှုလုပ်ငန်းများကို လာမည့်မိုးကာလမတိုင်မီ ပြီးစီးအသုံးပြုနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် အခြေခံပညာကျောင်းများ တိုးချဲ့တည်ဆောက်၍ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိရာ ကျေးလက်ဒေသလူငယ်များ လွယ်လင့်တကူ ပညာသင်ယူနိုင်ကြပြီဖြစ်သည်။ လပွတ္တာမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကုန်းသာယာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

ဒေသနေ လူငယ်လူရွယ်များအနေဖြင့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရပ်များကို တစ်ဆက်တစ်စပ်တည်း သင်ယူနိုင်ကြသည့်အပြင် လက်သမား၊ ပန်းရန်၊ တွင်ခုံ၊ စက်ပြင်၊ အီလက်ထရွန်နစ်စသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးမည့် စက်မှုလက်မှု အထက်တန်းကျောင်း ဖွင့်လှစ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးဆိုင်ရာ အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို ဖော်ဆောင်ပေးလျက်ရှိသည်နှင့်အညီ ကျောင်းသား မိဘများ၊ ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဟန်ချက်ညီညီ ပေါင်းစည်းကြိုးပမ်းစွမ်းဆောင် ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသနေလူငယ်များ ပညာသင်ကြားရေးတွင် မိဘပြည်သူများက မေတ္တာ၊ စေတနာဖြင့် ပံ့ပိုးဖြည့်ဆည်း၊ ဆရာ၊ ဆရာမများက အားကြိုးမာန်တက် သင်ကြားပို့ချ၊ ကျောင်းသား၊ ကျောင်းသူများက လုံ့လဝီရိယ စိုက်ထုတ်ကြိုးစား သင်ယူကြခြင်းဖြင့် ပညာစာရိတ္တထူးချွန်ကောင်းမွန်သော လူရည်မွန်များ ပိုမိုဖြစ်ထွန်းပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

မော်လမြိုင်ကောလိပ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မော်လမြိုင်ကောလိပ်တွင် ဓာတုဗေဒ အဓိက ဘာသာရပ်ဖြင့် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဘွဲ့ရအနှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် ဒုတိယအကြိမ် မိတ်ဆုံပွဲကို မတ် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ (၈)မိုင်လမ်းဆုံ ပြည်လမ်းရှိ ရွှေဘဲစားတော်ဆက်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မှ ကိုမျိုးအောင် ဖုန်း-၀၉၈၆၁၂၃၂၄၊ ကိုတိတ်စွမ် ဖုန်း-၀၉၅၁၀၆၄၅၄၊ ကိုစိုးအောင် ဖုန်း-၀၉၅၁၃၉၉၄၄၊ ကိုယုစိန် ဖုန်း-၀၁-၅၀၉၇၇၇ (လိုင်းခွဲ-၃၆၇)၊ မထားထား ဖုန်း-၀၉၅၁၆၂၂၉၇၊ ကိုစည်သူ၊ မော်လမြိုင်မှ ကိုငွေသိန်း ဖုန်း-၀၅၇-၂၃၁၇၀၊ ကိုချိုင်းစီ ဖုန်း-၀၅၇-၂၂၃၁၆၊ မနီနီသန်း-ဖုန်း-၀၅၇-၂၂၃၁၆၊ မခင်မြင့်မြင့် ဖုန်း-၀၅၇-၂၂၄၆၅၊ ကိုဝင်းခင် ဖုန်း-၀၅၇-၈၀၀၄၇၊ ပဲခူး-သနပ်ပင်မှ မောင်မောင်ရွှေတွတ်(ပန်းချီ) ဖုန်း-၀၉၅၃၀၁၃၃၄၊ကိုတီတီ ဖုန်း-၀၅၂-၄၆၃၆၇၊ ညောင်လေးပင်မှ ကိုလှမြင့် ဖုန်း-တစ်ဆင့် ၀၅၂-၅၀၂၇၅၊ ကျောက်တံခါးမှ ကိုသိန်းလွင် ဖုန်း-၀၅၄-၆၀၂၅၁၊ ဖြူးမှ ကိုညွန့်ဝေ-ဖုန်း-၀၅၄-၄၀၁၂၄၊ တောင်ငူမှ ကိုညီညီအောင် ဖုန်း-၀၅၄-၂၅၁၈၉၊ မန္တလေးမှ ကိုဝင်းမြင့် ဖုန်း-၀၂-၃၅၄၄၀၊ ထားဝယ်မှ ကိုကျော်ထွန်း၊ ကိုယုနိုင်၊ မြိတ်-ပုလောမှ ကိုတင်ဝင်း ဖုန်း-၀၅၉-၄၂၃၂၅၊ ကိုကျော်ဝင်း ဖုန်း-၀၅၉-၃၀၁၇၀၊ မကြူကြူဝေ ဖုန်း-၀၉၈-၇၆၁၀၈၅၊ သထုံမှ ကိုဖုန်းမြင့်မောင် ဖုန်း-၀၉၈၇၂၀၆၉၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၆ ရက်က ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုပေးပွဲတွင် အမက ပြည်လမ်း မှော်ဘီမြို့ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ဇင်မျိုးတင်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပြိုင်းချောင်းရေလှောင်တမံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မင်ဒန်းကျေးရွာအနီးရှိ ပြိုင်းချောင်းရေလှောင်တမံသို့ သွားရောက်ပြီး ရေလှောင်တမံ အတွင်း ရေစီးဝင်မှု၊ ရေသိုလှောင်မှု၊ နွေစပါးစိုက်ပျိုးရေများ ထုတ်လွှတ်ပေးနေမှု ပင်မတမံ၊ ရေပိုလွှဲ၊ ရေပေးတူးမြောင်းမကြီးတို့အား ရှုရပ်မှ ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့သည် ကျောက်တော်မြို့နယ် ပင်စိုင်းရွာ၊ ဂါဘူးရွာ နွေစပါးစိုက်ကွင်း၌ နွေစပါးစိုက်ပျိုးရာတွင် အသုံးပြုသော စပါးမျိုးများဖြစ်သည့် ဆင်းနွယ်ရင်၊ ရတနာအောင်၊ သီးထပ်ရင်နှင့် ရေဆင်းလုံးသွယ် စပါးမျိုးများ၊ မြေဩဇာများ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာများ ပြသထားမှု၊ နွေစပါးခင်း၌ ပေါင်းလိုက်တမန်းနှိုးနေမှု၊ မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပြိုင်းချောင်းရေလှောင်တမံ၏ လက်ဝဲ တူးမြောင်းအတိုင်း ရေပေးလက်တံမြောင်းခွဲများ ရေပေးနေမှု၊ နွေစပါးဖြစ်ထွန်း အောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ပြိုင်းချောင်း ရေလှောင်တမံ၏ တည်ဆောက်ပြီးစီးသည့် ရေသောက်စနစ်အပိုင်းမှ ယခုနှစ်နွေစပါးရာသီတွင် ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားရာ ယနေ့ထိ ၂၃၁၂ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဖေဖော်ဝါရီ ၂၀ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည့် ထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ငမိုးရိပ်ရေပေးဝေရေးစခန်းရှိ ရေတွန်းစက်များတွင် အသုံးပြုရန် အချင်း ၁၆ လက်မရှိ CHECK VAULE လေးလုံး တီထွင်တည်ဆောက်ပေးသူ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ဒုတိယဌာနမှူး(အင်ဂျင်နီယာ) ဦးအောင်ခင်ဇံအား ဂုဏ်ပြုငွေကျပ် ငါးသိန်း ချီးမြှင့်စဉ်။ (၁၉)

လူမှုရေးကူညီစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်၏ ကူညီပံ့ပိုးမှုဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီးဦးဆောင်သော ဆရာဝန်၊ ဆရာမများ၊ အငြိမ်းစားဆရာဝန်များနှင့် ဒေသခံစေတနာရှင်များ ပူးပေါင်း၍ အကူအညီလိုအပ်သူများအတွက် လူမျိုးဘာသာမရွေး ဆေးဝါး၊ အောက်ဆီဂျင်၊ သွေးလှူဒါန်းပြီး နာရေးကိစ္စများကိုပါ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စမ်းသပ်ကုသ

အထက်ပါလူမှုရေးကူညီစောင့်ရှောက်မှုလုပ်ငန်းများအပြင် ယခုဆက်လက်၍ လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ ဘူတာလမ်း၌ အခမဲ့ဆေးကုသခန်းသစ်ပါ ဖွင့်လှစ်၍ လူနာများကို အခမဲ့လက်ခံကုသပေးနေပြီဖြစ်ရာ နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီထိ မွန်းလွဲ ၁ နာရီမှညနေ ၄ နာရီထိ အခမဲ့စမ်းသပ်ကုသပေးပြီး တနင်္ဂနွေနေ့တိုင်း အထူးကုဆရာဝန်ကြီးများက လာရောက်စမ်းသပ်ကုသပေးလျက်ရှိသည်။

အခမဲ့

ဝေဒနာရှင်များအနေဖြင့် အခမဲ့ လာရောက်စမ်းသပ်ကုသနိုင်ပြီး ပါဝင်ကူညီလှူဒါန်းလိုသူ စေတနာရှင်များသည်လည်း ဖုန်း-၀၈၂-၂၅၅၂၄၊ ၃၀၉၄၈ သို့ ဆက်သွယ်နိုင်၍ လိုအပ်ပါက စေတနာရှင်ထံ အကျိုးဆောင်အဖွဲ့မှ လာရောက်လက်ခံဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။(စာပေနှင့်စာနယ်ဇင်း)

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း ပြတိုက်ပညာနှင့် စာကြည့်တိုက်ပညာ အခြေခံသုံးလသင်တန်း (၁/၂၀၀၈)ဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

ပြတိုက်ပညာနှင့် စာကြည့်တိုက်ပညာ အခြေခံသုံးလသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပြတိုက်ပညာနှင့် စာကြည့်တိုက်ပညာအခြေခံ သုံးလသင်တန်း (၁/၂၀၀၈) ဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အမျိုးသားစာကြည့်တိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် သင်တန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဇံနှင့် တွဲဖက်အတွင်းရေးမှူး အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးတို့က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းတွင် ကူညီပေးခဲ့ကြသော ပြင်ပပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ အဆိုပါသင်တန်းသို့ အရာထမ်းသင်တန်းသား၊ သင်တန်းသူ ၁၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ပြတိုက်ဆိုင်ရာ ဘာသာရပ်ရှစ်မျိုးနှင့် စာကြည့်တိုက်ဆိုင်ရာ ဘာသာရပ် ၁၇ မျိုးတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့သည်။ သင်တန်းကာလတွင် ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် သင်တန်းပြီးဆုံးချိန်တွင် သင်တန်းဆင်း ကျမ်းစာငယ်များပါ တင်သွင်းခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယာဉ်မတော်တဆမှုများ ပပျောက်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန စစ်ကိုင်းတိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်သန်း ဦးဆောင်၍ စစ်ကိုင်းတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းကျော်ဖေ၊ စည်ပင်သာယာရေးအဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မုံရွာ)တို့ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်များတွင် မုံရွာမြို့ ခရီးသည်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်းမှ ထွက်ခွာသည့် ယာဉ်များအား ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ သတ်မှတ်လိုင်စင် အထောက်အထား ရှိ၊ မရှိ၊ မီးသတ် ဆေးဘူးတပ်ဆင်ထားခြင်း ရှိ၊ မရှိ၊ ဂျိုင်းထိန်းသိမ်း ပါ၊ မပါတို့ကို ရှောင်တခင် စစ်ဆေးပြီး ယာဉ်မတော်တဆမှု ပပျောက်ရေးအတွက် စစ်ဆေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (ခရိုင်ပြန်/ဆက်)

မီးဘေးရှောင် မလောင်ခင် တား

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အမှတ်(၇) တည်းခိုရေးစခန်း(ရွာတော်) စစ်ရေးပြကွင်း၌ ကျင်းပရာ ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်ရေးပြတပ်ရေးဦးဆောင်သော ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များက စစ်ရေးပြကွင်းအတွင်း၌ နေရာယူကြပြီး စစ်ရေးပြမှူးထံ စစ်ရေးပြတပ်ရေးက တန်းအပ်သည်။

ဆက်လက်၍ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် အလေးပြုခံစင်မြင့်၌ နေရာယူပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များ၏ အလေးပြုခြင်းကို ခံယူကာပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုသည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များမှ စစ်သည်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားသည်။

ပြန်လည်ထွက်ခွာ

ဆက်လက်၍ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်သည် ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များမှ စစ်သည်များ၏ အလေးပြုခြင်းကို ခံယူပြီး အလေးပြုခံစင်မြင့်မှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက သရုပ်ပြဖျော်ဖြေပြီး တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၇) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့မှ မတ် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း အဖွဲ့ပေါင်း ၄၃ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၇ ရက်က ပန်းတနော်မြို့နယ် မရမ်းရွာ အခြေခံပညာ အထက်တန်းကျောင်း၏ ဘက်စုံပညာရည်ထူးချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းပထမဆုရ မောင်ဖြိုးဟန်ချိုအား ကျောင်းအုပ်ဆရာကြီး ဦးဖိုးလတ်ဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ(ရွာသာကြီး)မှ ဦးကိုကြီး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၆ ရက်က အမှတ်(၂)လမ်းမကြီး (ကျောက်လမ်းမှတ်တိုင်အနီး) ပေါ်၌ သွားလာမောင်းနှင်လျက်ရှိသည့်ယာဉ်နှင့် ယာဉ်မောင်းများအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြွခိုင်မှုရှိ၊ မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်း မောင်းနှင်ခြင်းရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်ကျွန်း၌ ကျင်းပရာ ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Korn Chatikavanij က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ + ၃ နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဖေဖော်ဝါရီ၂၂ရက် နံနက် ၈နာရီခွဲတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို Andaman Ballroom, Sheraton Grande Laguna, Phuket ဟိုတယ်၌ ကျင်းပရာ ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေး၌ အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့အကြား အပြန်အလှန် ငွေကြေးအထောက်အပံ့ပေးရေးဆိုင်ရာ အစီအစဉ် (ဇင်းမယ်အစီအစဉ်)၌ နိုင်ငံစုံ ပါဝင်ရေးကိုလည်းကောင်း၊ ဆွေးနွေးဖက် သုံးနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ ရပ်တည်ချက်နှင့် ယင်းအစီအစဉ်တွင် ထည့်ဝင်မှု ပမာဏတို့ကို လည်းကောင်း ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ ဇင်းမယ်အစီအစဉ်တွင် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့သည် အပြန်အလှန် ငွေကြေးအကူအညီပေးနိုင်ရန် အရေးပေါ် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀ မှ ဒေါ်လာ ဘီလီယံ ၁၂၀ သို့ တိုးမြှင့်ထည့်ဝင်ကြမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ကြသည်။

ဆက်လက်၍ အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပူးတွဲသဘာပတိများဖြစ်သော ထိုင်းနိုင်ငံဘဏ္ဍာရေးဝန်ကြီး H.E. Korn Chatikavanij နှင့် ကိုရီးယားသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E Jeung - hyun Yoon တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Haruhiko Kuroda က ဒေသတွင်း စီးပွားရေးအခြေအနေ အလားအလာများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏အခန်းကဏ္ဍကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ဝန်ကြီးများက နိုင်ငံအလိုက် အတွေ့အကြုံများ၊ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်တို့ကို လည်းကောင်း၊ အကျပ်အတည်းကို ကျော်လွှားနိုင်ရန် ဒေသတွင်းနိုင်ငံများ ချမှတ်ဆောင်ရွက်သွားကြရမည့် မက်ခရိုစီးပွားရေးမူဝါဒများနှင့် ငွေရေးကြေးရေး တည်ငြိမ်မှုဆိုင်ရာမူဝါဒများကို လည်းကောင်း၊ ပိုမိုထိရောက် တက်ကြွသည့် ထိန်းကျောင်းကြပ်မတ်ရေးနည်းလမ်းများ၊ အကျပ်အတည်း စီမံခန့်ခွဲမှုနှင့် ငွေကြေး အထောက်အပံ့ စနစ်များကို ဒေသတွင်း ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်ကို လည်းကောင်း သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ၂၀၀၉ ခုနှစ် ဧပြီ၌ ကျင်းပမည့် ဂျီ - ၂၀ ထိပ်သီး အစည်းအဝေးနှင့်ပတ်သက်ပြီး လက်ရှိအခြေအနေနှင့် ပြင်ဆင်ထားချက်များကို ကိုရီးယားသမ္မတနိုင်ငံနှင့် အင်ဒိုနီးရှား သမ္မတနိုင်ငံတို့ကတင်ပြခဲ့ကြပြီး တက်ရောက်လာကြသည့် ဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယအကြီးအကဲများ ပြုစုထားသည့် သတင်းထုတ်ပြန်ချက် (မူကြမ်း)အပေါ် အာဆီယံဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်အတည်ပြုကြသည်။

ယင်းနောက် ညနေပိုင်းတွင် သတင်းရှင်းလင်းပွဲကျင်းပသည်။

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ + ၃ ဘဏ္ဍာရေး ဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက်ရောက်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ထိုင်းနိုင်ငံ ဖူးခက်ကျွန်း၌ ကျင်းပသည့် အာဆီယံ + ၃ ဘဏ္ဍာရေး ဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်စဉ်။

(ဘဏ္ဍာ/အခွန်)

(၇၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငွေစာရင်းဦးစီးမှ ဦးနီတွတ်(မြို့မ) (လူမှုထူးချွန်ပထမဆင့်)

သွေးသည်အသက်

သည် ဇန်နဝါရီ ၃၀ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဌာန၌ (၇၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ (သတင်းစဉ်)

အာဖဂန်နစ္စတန်တွင် နိုင်ငံစုံတပ်ဖွဲ့ လေကြောင်းမှတိုက် အပြစ်မဲ့ အရပ်သား ၁၃ ဦးသေဆုံးကြောင်း စစ်ဆေးတွေ့ရှိ

ကဘူး ဖေဖော်ဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် နိုင်ငံစုံတပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်ခြင်းကို စုံစမ်းစစ်ဆေးရာတွင် အရပ်သား ၁၃ ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါ သေဆုံးသူများသည် မည်သူမည်ဝါဖြစ်ကြောင်း သိရှိရန်အတွက် အာဖဂန်အမျိုးသားကြည်းတပ်နှင့် နိုင်ငံစုံ တပ်ဖွဲ့မှ အဖွဲ့တစ်ဖွဲ့သည် နိုင်ငံတကာလေ့လာသူများ လိုက်ပါလျက် စစ်ဆင်ရေးဒေသသို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

ယင်းအရပ်ဒေသတွင် လက်နက်များ၊ ခဲယမ်းမီးကျောက်များကို စစ်ဆေးရေးအဖွဲ့က တွေ့ရှိခဲ့ပြီး စစ်သွေးကြွသုံးဦးနှင့် အတူ အရပ်သား ၁၃ ဦးသေဆုံးကြောင်း ကောက်ချက်ချခဲ့ကြသည်။

စုံစမ်းစစ်ဆေးမှုမပြုမီတွင် လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် စစ်သွေးကြွ ၁၅ ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဆိုသည်။ အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက အရပ်သားများနှင့်အတူ အကြမ်းဖက်သမား ခုနစ်ဦးသေဆုံးသည်ဟု ပြောကြားခဲ့သည်။ ***အင်တာနက်။***

နိုင်ငံစုံတပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိကြသူများ ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ လူစည်ကားရာ ခန်းအယ်လ်ခါလီလီဈေးအနီး ဖေဖော်ဝါရီ ၂၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုင်ရိုမြို့ ကမ္ဘာလှည့်များစည်ကားရာနေရာ၌ ဗုံးကွဲ၊ ပြင်သစ်တစ်ဦးသေ၍ ၂၀ ဒဏ်ရာရ

ကိုင်ရို ဖေဖော်ဝါရီ ၂၄

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ လူစည်ကားရာ ခန်းအယ်လ်ခါလီလီ ဈေးအနီး၌ တနင်္ဂနွေနေ့ ည ၇ နာရီခန့်က ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ပြင်သစ် ကမ္ဘာလှည့်ခရီးသွားတစ်ဦး သေဆုံးပြီး ၂၀ ဒဏ်ရာ ရရှိသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ပြင်သစ်ကမ္ဘာလှည့်အမျိုးသမီးမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခြင်းဖြစ်သည်။

ဒဏ်ရာရရှိသွားသူများထဲတွင် ပြင်သစ်ခရီးသွား ၁၃ဦး၊ ဆော်ဒီနိုင်ငံသားသုံးဦးနှင့် အီဂျစ်နိုင်ငံသား လေးဦးတို့ပါဝင်ပြီး တစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရသည်ဟု ဆိုသည်။ ၎င်းတို့အားလုံးအား ဆေးဝါးကုသမှုပေးရန် အနီးဝန်းကျင်ရှိဆေးရုံသို့ တင်ပို့ခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသို့ သူနာပြုယာဉ် ၁၀ စီး ရောက်ရှိလာသည့်အပြင် ရဲများလည်း ချက်ခြင်းရောက်ရှိလာပြီး ဗုံးပေါက်ကွဲရာနေရာကို အတားအဆီးများပြုလုပ်ကာ စောင့်ကြပ်လိုက်ကြသည်။ ထို့နောက် အထက်တန်းတာဝန်ရှိသူများ ရောက်ရှိလာပြီး စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်ကြသည်။ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာအနီးရှိ အဆောက်အအုံအတွင်း မသင်္ကာဖွယ် လူနှစ်ဦး ခိုအောင်းနေပြီး ၎င်းတို့က လူအုပ်အတွင်း ဗုံးနှစ်လုံးပစ်သွင်းခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဗုံးတစ်လုံးမှာ ပေါက်ကွဲသွားပြီး ကျန်တစ်လုံးကို ရဲများက စနက်တံဖြုတ်နိုင်ခဲ့ကြောင်း သိရသည်။

မီနာသတင်းဌာနကထုတ်ပြန်ရာ၌မူ ဗုံးများကို ထိုင်ခုံများအောက်တွင် ထောင်ထားဟန်ရှိသည်ဟု ဖော်ပြသွားသည်။

အီဂျစ်နိုင်ငံတွင် မကြာခဏဆိုသလို ကမ္ဘာလှည့်ခရီးသွားများကို ပစ်မှတ်ထားကာတိုက်ခိုက်လေ့ရှိသည်။ ခရီးသွားလုပ်ငန်းသည် အီဂျစ်နိုင်ငံအတွက် အရေးကြီးသော စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည်။ နိုင်ငံ့ဂျီဒီပီ၏ ၈ဒသမ၅ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းမှ ရရှိခြင်းဖြစ်သည်။ ***အင်တာနက်။***

လန်ဒန်တွင် ဆယ်ကျော်သက်နှစ်ဦး အသတ်ခံရ

လန်ဒန် ဖေဖော်ဝါရီ ၂၄

လန်ဒန်မြို့၏ သီးခြားနေရာနှစ်နေရာတွင် ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းက ဓားဒဏ်ရာကြောင့် ဆယ်ကျော်သက်နှစ်ဦး သေဆုံးမှုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ ပထမဖြစ်ပွားသောနေရာသည် မာရီလန်းမီးရထားဘူတာရုံနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော လန်ဒန်မြို့၏အရှေ့ဘက်ကျသည့် လီတန်စတုန်းဒေသ၌ဖြစ်သည်။ ထိုနေရာတွင် အသက် ၁၈နှစ်အရွယ်ရှိ လူငယ်တစ်ဦး ဓားထိုးခံရကြောင်း၊ ဆေးရုံသို့ အချိန်မီတင်ပို့သော်လည်း လန်ဒန်တော်ဝင်ဆေးရုံအရောက် သေဆုံးသွားကြောင်း၊ ရင်ဘတ်ပိုင်းကို ဓားဖြင့်အထိုးခံရခြင်းဖြစ်ကြောင်း၊ ယင်းသတ်ဖြတ်မှုသည် ဂိုဏ်းတစ်ခုခုနှင့် ပတ်သက်ဆက်နွယ်မှု ရှိလိမ့်မည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒုတိယဖြစ်ပွားရာနေရာသည် လန်ဒန်မြို့အနောက်မြောက်ပိုင်း ဝီအက်စတုန်းဒေသရှိ အလုပ်ရုံတစ်ခု၏ ပြင်ပ၌ဖြစ်ကြောင်း၊ အသက် ၁၉ နှစ်အရွယ်ရှိ ဆယ်ကျော်သက်တစ်ဦး ဓားထိုးခံရကြောင်း၊ လန်ဒန်မြို့ အရှေ့ဘက်ရှိ ချင်းဖို့ဒ်အရပ်မှ ဆယ်ကျော်သက်အုပ်စုများ၏ လက်ချက်ဖြစ်ပြီး ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းမှတ်စု

နယူးဇီလန်တွင် အလုပ်လက်မဲ့နှုန်း ၁၁ ဒသမ ၂ ရာခိုင်နှုန်းထိ မြင့်တက်မည်

နယူးဇီလန်၌ လာမည့်နှစ်နှစ်အတွင်း အလုပ်လက်မဲ့နှုန်းသည် ၁၁ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီက အလုပ်ရုံဆွေးနွေးပွဲ၌ သတိပေးပြောကြားမည်ဟုဆိုသည်။

လွန်ခဲ့သည့်လက အမေရိကန်တွင် ဖြန့်ဝေခဲ့သည့် ဘဏ္ဍာရေးပြဿနာတွင် စီးပွားရေးကျဆင်းမှု၏ အခြေခံဇာစ်မြစ်ကို သုတေသနပြုထားသော စာတမ်းအပေါ် အခြေခံ၍ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြရန် နယူးဇီလန် တက္ကသိုလ်ကပြုစုသော အစီရင်ခံစာမှ အဆိုပါသတိပေးချက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ လာမည့် ၂၀၁၀ နှစ်လယ်တွင် အလုပ်လက်မဲ့နှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးမြင့်လာဖွယ်ရှိသည်ဟု စီးပွားရေးလေ့လာသူများက သုံးသပ်ထားသည်။

နိုင်ဂျီးရီးယား၌ ဘောလုံးသမားများနှင့် အားပေးသူများ ပစ်သတ်ခံရ

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ဘက် မြစ်ဝကျွန်းပေါ်ဒေသ ယူဂျယ်လီပြည်နယ်တွင် ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းက ဘောလုံးသမားများနှင့် ၎င်းတို့ကိုအားပေးသူ ၁၃ ဦးတို့အား သေနတ်သမားများက သတ်ဖြတ်ခဲ့ကြောင်း တနင်္ဂနွေနေ့ထုတ် ပတ်ချ်သတင်းစာကဖော်ပြသည်။

ယင်းသို့ဖြစ်ပွားမှုအတွင်း သေနတ်ဒဏ်ရာရရှိသူခုနစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘေရယ်ဆာပြည်နယ် အိုရှင်းဘွိုင်းဘောလုံးကလပ်မှ ဘောလုံးသမားများနှင့် အားပေးသူများသည် ယူဂျယ်လီပြည်နယ်၌ တနင်္ဂနွေနေ့တွင် ကျင်းပမည့် ဘောလုံးပွဲအတွက် ခရီးထွက်လာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ဆလိုဗက်ကီးယား၌ ရထားနှင့်ကားတိုက်၊ ၁၂ဦးကျော် သေဆုံး

ဆလိုဗက်ကီးယားနိုင်ငံ ဘရာ့ဇ်နိုမြို့အနီး ရထား-ကားလမ်းဆုံတစ်ခု၌ ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီခန့်တွင် ဘတ်စ်ကားနှင့်ရထားတို့တိုက်မိရာ ၁၂ဦးကျော် သေဆုံးပြီး ၂၀ခန့် ဒဏ်ရာရရှိကြောင်း ဆလိုဗက်အမျိုးသား တီအေအက်စ်အာရ်သတင်းဌာနက ဖော်ပြသည်။

ခရီးသည် ၃၅ ဦးတင်ဆောင်လာသည့် ဘတ်စ်ကားသည် နှင်းလျှောစီးအပန်းဖြေစခန်းသို့သွားခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာဘတ်စ်ကားစီး ခရီးသည်များဖြစ်ကြောင်းသတင်းတွင် ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ဖိလစ်ပိုင်တောင်ပိုင်း၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဂျင်နရယ်ဆင်တိုစ်မြို့အနီး သမုဒ္ဒရာ၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း အမေရိကန်ဘူမိတိုင်းတာရေးအဖွဲ့က ဖော်ပြသည်။

အဆိုပါ ငလျင်သည် မင်ဒါနာအိုဒေသ တောင်ဘက်စွန်းရှိ ဂျင်နရယ်ဆင်တိုစ်မြို့အရှေ့တောင်ဘက် ၃၁၅ ကီလိုမီတာအကွာကို ဗဟိုပြုပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၂ မိနစ်က လှုပ်သွားကြောင်း သိရသည်။ သို့သော် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုတို့ကို ဖော်ပြခြင်းမရှိချေ။

တရုတ်မြောက်ဘက်ရှိ ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲ

တရုတ်နိုင်ငံမြောက်ဘက် ရှန်စီပြည်နယ်တွင် ဖေဖော်ဝါရီ ၂၂ရက်က ကျောက်မီးသွေးတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုတွင် သေဆုံးသူအရေအတွက်မှာ ၇၃ ဦးထိ တိုးလာကြောင်း ကယ်ဆယ်ရေးအဖွဲ့က အတည်ပြု ပြောကြားသည်။ **(အောက်ပုံ)**

ယင်းပြည်နယ်၏မြို့တော် ထိုင်ယွမ်အနီး ဂူဂျာယိုမြို့ရှိ တွမ်လန်ကျောက်မီးသွေးတွင်း၌ နံနက် ၂နာရီခန့်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားစဉ် ယင်းမိုင်းတွင်းမြေအောက်၌ အလုပ်သမား ၄၃၆ ဦး ရှိနေသည်။ ၎င်းတို့အနက်မှ ၁၅၃ ဦး ဒဏ်ရာရရှိပြီး ၂၁ ဦးမှာ စိုးရိမ်ရကြောင်း၊ မိုင်းတွင်း လုပ်သားအများစုမှာ ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့ အဆိပ်သင့်ခဲ့ကြောင်း ဆရာဝန်များက ပြောကြားသည်။

ဗီယက်နမ်တွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် တစ်ဦးသေဆုံး

ဗီယက်နမ်နိုင်ငံ ကွမ်နန်ပြည်နယ် မြောက်ပိုင်း၌ နေထိုင်သော အသက် ၂၃နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသဖြင့် သေဆုံးသွားကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ထုတ်လွှင့်သည်။

၎င်းသည် ကြက်ငှက်တုပ်ကွေးရောဂါပိုး ကူးစက်ခံရသဖြင့် အသက်ရှူကျပ်လာကာ အပူကြီးပြီး ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများ ပြသလာသဖြင့် ဇန်နဝါရီလကုန်ပိုင်းတွင် ဒေသဆိုင်ရာ ဆေးရုံသို့ တင်ပို့ကုသမှုခံယူစေခဲ့သော်လည်း အသက်ရှူပိုက်ဖြင့် ၁၈ ရက်ကြာ ကုသမှုခံယူပြီးနောက် သေဆုံးသွားကြောင်း ဆရာဝန်များက ပြောကြားသည်။ ၂၀၀၈ ခုနှစ် အတွင်း၌ ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးသူ ငါးဦးရှိပြီး ၂၀၀၉ ခုနှစ်တွင် ရောဂါပိုးကူးစက်ခံရသူ သုံးဦးရှိသည်ဟု ဆိုသည်။

စုစည်းဘာသာပြန်ဆိုသူ-စိုးစိုးနိုင်

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပိုင်းအဆင့်မြှင့်တင်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁ရက် နံနက်ပိုင်းတွင် ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက သားဖွား လူနာအား ထောက်ပံ့ငွေပေးအပ်ပြီး ဆေးရုံအတွက် ဆေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဆွမ်ပရာဘွမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဆွမ်ပရာဘွမ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံသည်။

ယင်းနောက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်း မိုင်တိုင်အမှတ် (၁၂၈/၂မိုင်) နှင့် (၁၀၇/၆မိုင်) တို့၌ စက်ယန္တရားကြီးများဖြင့် လမ်းပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခတ်ခရားယန်ကျေးရွာမှ ဆရာ၊ ဆရာမများနှင့် သူနာပြုဆရာမများအား တွေ့ဆုံသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့သည် တီယန်ဇုပ်ကျေးရွာ မိုင်တိုင်အမှတ်(၅၃/၀)ရှိရှင်းလင်းဆောင်၌ ဆရာ၊ ဆရာမများ၊ သူနာပြုဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး မြစ်ကြီးနားခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်သည့် စုစုပေါင်း (၅၃)မိုင်၊ မိုင်တိုင်အမှတ်(၀/၀) မှ(၅၃/၀) အတွင်း တာပေါင်ခွဲ၍ လမ်းအဆင့်မြှင့်ရန် ကျောက်ခင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့နယ် တန်ဖဲရွာအနီး မေခမြစ်နှင့်မလိခမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံသို့ ရောက်ရှိကြပြီး မြစ်ကြောင်းစီးဆင်းမှု အခြေအနေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပိုင်း၌ စက်ယန္တရားကြီးများဖြင့် လမ်းပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၆)အမှတ်(၇) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တတ်သိပညာရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)နှင့် ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲအကြို ဆွေးနွေးခန်းပါဝင်သည့် ယခုတစ်ပတ် သတင်းဂျာနယ်တွင် နွေစပါးစိုက်ချိန်အမီ ဓာတ်မြေဩဇာပို့မိုတင်သွင်းရန် ရိဒ်ကုန်သည်များပြင်ဆင်နေ၊ မူဆယ်(၁၀၅)မိုင်ရှိ မြန်မာ့ပို့ကုန် ဈေးနှုန်းအချို့မြင့်တက်လာ၊ ကွမ်းသီးကျပ်သန်း(၉၀)ကျော်ဖိုးတင်ပို့၊ ရော်ဘာထုတ်လုပ်မှု ကမ္ဘာ့ထိပ်သီး(၃)နိုင်ငံ တင်ပို့မှုလျှော့ချ အစရှိသည့် ပြည်တွင်း ပြည်ပစီးပွားရေး သတင်းများနှင့်အတူ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး စနစ်အကြောင်း၊ သဘောတွေ့မယ့် အသောအထေ့စသည့် သုတရသစုံ ဆောင်းပါးများ ဖော်ပြပါရှိသည်။

ဂျာနယ်ရနိုင်သော နေရာများမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ အမှတ်-၈၊ ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဝက်လေးကျေးရွာ စက်ရေတွင်း ဆောင်ရွက်မှုအား အမှုဆောင်အရာရှိ ဦးမြင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှားပါးစာအုပ် အရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဇီဇဝါစာအုပ်တိုက် ဖွင့်လှစ်ခြင်း(၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တတိယအကြိမ် ရှားပါးစာအုပ်အရောင်းပွဲတော်ကို ဖေဖော်ဝါရီ၂၇ရက်မှ မတ်၈ရက်အထိ ၁၀ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာအုပ်အရောင်းပွဲတော်တွင် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သည့် မြန်မာ့ဂန္ထဝင် စာရေးဆရာကြီးများ၏ ဂန္ထဝင်စာစုများ၊ ဘာသာရေး၊ကျန်းမာရေး၊ ပညာရေး၊ သမိုင်း၊နိုင်ငံရေး၊ အတွေးအခေါ်၊ စီးပွားရေး၊ အနုပညာနှင့် ယဉ်ကျေးမှု၊ မြန်မာစာ၊ မြန်မာမှုနှင့်မြန်မာ့အနုစာပေများ၊ တိုင်းရင်းသားယဉ်ကျေးမှု ဆိုင်ရာ စာအုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ဥပဒေပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာ ပညာရပ်များနှင့် ကွန်ပျူတာပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများပါဝင်သည်။ထို့ပြင် ပညာရပ်မျိုးစုံ၊ ဘာသာစကားမျိုးစုံ၊ အဘိဓာန်စာအုပ်များ၊ စွယ်စုံကျမ်းများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ စာအုပ်စာတမ်းများ၊ ဝိပဿနာတရား အားထုတ်ခြင်းဆိုင်ရာ ရှားပါးစာအုပ်များ၊ Books on Myanmar စာအုပ်များအပါအဝင် အင်္ဂလိပ်၊ မြန်မာစာအုပ်လေးသောင်းကျော် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။

စာအုပ်စာတမ်းများကို အထူးသက်သာသည့် ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချပေးမည်ဖြစ်ပြီး မည်သည့် စာအုပ်မဆို ၁၀ ရာခိုင်နှုန်း လျှော့နှုန်းဖြင့်လည်းကောင်း၊ ကျပ်တစ်သိန်းဖိုးအထက် ဝယ်ယူသူများနှင့် စာကြည့်တိုက်များကို ၂၀ ရာခိုင်နှုန်း လျှော့နှုန်းဖြင့်လည်းကောင်း ရောင်းချပေးမည်ဖြစ်သည်။ ထို့ပြင် စာကြည့်တိုက်များနှင့် စာအုပ်လှူဒါန်းလိုသူများအတွက် သုတ၊ရသ၊ပညာပေး စာအုပ်မျိုးစုံကို ငွေကျပ် ၂၅၀၊ ငွေကျပ် ၅၀၀၊ ငွေကျပ် ၉၅၀ စသည်ဖြင့်လည်း သတ်မှတ်ရောင်းချပေးမည်ဖြစ်သည်။

ယင်းရှားပါးစာအုပ်အရောင်းပွဲတော်ကို ဇီဇဝါစာအုပ်တိုက် တည်ရှိရာ အမှတ်(၂၅) နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ် ခန်းမအနီး ရန်ကုန်မြို့၌ နေ့စဉ် နံနက် ၉နာရီမှ ညနေ၆နာရီထိ ရောင်းချပေးမည်ဖြစ်သည်။ ဇီဇဝါစာအုပ်တိုက်ကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ် ရောင်းချ ပေးလျက်ရှိရာ စာပေ မွေ့လျော်သူများ ဖုန်း-၀၁-၂၁၆၂၇၉သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ ကွပ်ကဲမှုဖြင့် ဌာနခွဲ(၃)၏ စီမံမှုအောက်ရှိ သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီးဆုံရာ လေးဒေါင့်ကန်ကျေးရွာ လမ်းဆုံ မစိုစိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေစခန်း မုခ်ဦးရှေ့ သုံးဘီးဆိုင်ကယ်ဂိတ်ရင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်သန်းနှင့် အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ယာဉ်လိုင်းအားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သန်း၊ အရှေ့ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ယာဉ်ပိုင်ရှင်များကိုယ်စား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးလှထွန်း(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်ခဲ့ကြသည်။

အဆိုပါခရီးစဉ်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးဒေါင့်ကန် လမ်းဆုံမှ ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့နယ် ပဲခူးမြစ်ကမ်းနံဘေးရှိ သရက်ပင်ချောင် ကျေးရွာအထိ ပြေးဆွဲမည်ဖြစ်သည်။ (၅၀၆)

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၂၀) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အဆိုပါဂျာနယ်တွင် "ရခိုင်ပြည်နယ်၏ ရွှေရောင်အနာဂတ်" မျက်နှာဖုံးဆောင်းပါးဖော်ပြထားပြီး ရိုဟင်ဂျာဆိုသူများကိစ္စနှင့် နိုင်ငံရေးထိုးနှက်မှု၊ အခြေခိုင်သည့်ဒီမိုကရေစီရရှိရေးအတွက်၊ စာပေခရီး ဒေသအသိအမြင် အမျိုးသားဂုဏ်ရည်၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဆောင်းပါးများအပြင် ပါတီထူထောင်ခွင့်၊ စည်းရုံးခွင့်၊ ရွေးချယ်ခံပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိကြမည်၊ မွန်ပြည်နယ်တွင် ဆားကြမ်းတန်၆၅၀၀၀အထိ တိုးမြှင့်ထုတ်လုပ်မည်၊ ငချဉ်ရေလှောင်တမံ ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု၊ ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်မှု၊ လှိုင်သာယာ-အသုတ်(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း ပြီးစီးရေးကြိုးပမ်း၊ အုတ်တွင်းမြို့နယ် ဒိုးပင်ကျေးရွာ စပါးခွံလောင်စာသုံးမီးစက် အိမ်ခြေ (၁၃၂)အိမ် လျှပ်စစ်မီးလင်းစသည့် ပြည်တွင်း ပြည်ပ သတင်းများ စုံစုံလင်လင်၊ သတင်းဓာတ်ပုံများဝေဝေဆာဆာ ဖော်ပြပါရှိသည်။

ဂျာနယ်ရနိုင်သော နေရာများမှာ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပိတောက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မတ်၂၀ရက် (သောကြာနေ့) မွန်းလွဲ၁နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါနှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များနှင့် အသင်းဝင်များတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အစည်းအဝေးကျင်းပရက် ပြောင်းလဲမှုရှိက ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် အောင်ဇေယျတံတား လှိုင်သာယာဘက်ကမ်း ချဉ်းကပ်လမ်း ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အောင်ဇေယျတံတား ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၆နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ အောင်ဇေယျတံတား လှိုင်သာယာဘက်ကမ်း တံတားအဆင်း ချဉ်းကပ်လမ်းကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်က တံတားအဆင်း ချဉ်းကပ်လမ်း မြေသားတာပေါင်ပြိုကျနေမှုကို သံကူကွန်ကရစ် မြေထိန်းနံရံများ တည်ဆောက်၍ အကြီးစားပြန်လည်ပြုပြင် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ဖြည့်စွက် တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တံတားစီမံကိန်းအထူးအဖွဲ့(၁) လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ရုံး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ရန်ကုန်တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးက လှိုင်သာယာဘက်ကမ်း ချဉ်းကပ်လမ်း မိုင်တိုင်အမှတ်(၀/၀)မှ (၃/၁)အတွင်း၌ လမ်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်နေသည့် တံတားချဉ်းကပ်လမ်း တစ်လျှောက် လမ်းပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တည်ဆောက်ပြီးစီးသွားသည့် ငါးထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါ ဆေးကုသဆောင်သစ်ရှေ့၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလှူရှင်များ ကိုယ်စား ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းက ငါးထပ်ဆေးကုသဆောင်သစ် ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အလှူရှင်လေးဦးတို့က ငါးထပ်ဆေးကုသဆောင်သစ် တည်ဆောက်ခြင်းဆိုင်ရာ ကုန်ကျမှုမှတ်တမ်းများကို ပေးအပ်ကြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ထို့နောက် မင်္ဂလာအချိန်တွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် အလှူရှင်များကိုယ်စား အလှူရှင် ဦးကျော်ငွေး (ဆုထူးပန် ကျောက်မျက်ရတနာကုမ္ပဏီ) တို့က ငါးထပ်ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဖွင့်ပွဲအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များသည် ငါးထပ်ဆေးကုသဆောင်သစ်၌ မြန်မာနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူသမ္မတနိုင်ငံ အရိုးအထူးကုဆရာဝန်ကြီးများ၏ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်အရ ဆောင်ရွက်နေသည့် ဖျားနာနှင့် နှလုံးရောဂါလူနာများ စမ်းသပ်ကုသပေးနေမှု၊ ECG စက်ဖြင့် ရောဂါ စမ်းသပ်နေမှု၊ စင်ကာပူ အရိုးအထူးကုဆရာဝန်ကြီးများ၏ ကုသပေးနေမှု၊ အထွေထွေဖျားနာရောဂါလူနာများအား စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဆေးကုမ္ပဏီများက အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ဆေးကုသပေးမှုအတွက် လိုအပ်သော ဆေးများ လှူဒါန်းပံ့ပိုးနေမှု၊ (Ultrasound)တီဗွီဓာတ်မှန်စက် အသုံးပြုလျက် ရောဂါရှာဖွေ ကုသပေးနေမှုနှင့် ဆေးပညာ သင်ကြားရေး ခန်းမဆောင်ရှိ ဆီးချို သွေးချိုရောဂါ ပညာပေးပြခန်း၊ ဆီးချို သွေးချိုရောဂါ ပညာပေး ဟောပြောပွဲနှင့် ဆီးချို သွေးချိုရောဂါ ရှာဖွေဖော်ထုတ် စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါကုသပေးခြင်းများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ငါးထပ်ဆေးကုသဆောင်သစ်ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ပြီးစီးကာ ငွေကျပ်သန်း ၇၀၀ ကုန်ကျခဲ့သည်။

အခမဲ့ကုသပေး

ယင်း ငါးထပ် ဆေးကုသဆောင်သစ်၌ ဖျားနာကုသဆောင်၊ သီးသန့်ဆေးကုသဆောင်၊ ရင်ခေါင်းရောဂါ ဆေးကုသဆောင်၊ အသည်းရောဂါ ဆေးကုသဆောင်၊ ဆေးပညာသင်ကြားရေး ခန်းမဆောင်များ ထားရှိသည်။

လူနာများအား ငါးထပ် ဆေးကုသဆောင်သစ်၌ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ရက်အထိ အခမဲ့ ဆေးကုသပေးခဲ့ရာ အထွေထွေရောဂါ လူနာ ၁၁၃၉ဦး၊ ခွဲစိတ်လူနာ ၇၂၇ဦး၊ ဆီးချိုသွေးချို ရောဂါလူနာ ၁၃၃၉ဦး၊ နှလုံးရောဂါ လူနာ ၅၂၃ဦး၊ အရိုးရောဂါလူနာ ၅၁၀စုစုပေါင်း လူနာ ၄၂၃၈ဦးအား လက်ခံကုသပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း လူနာများအား အခမဲ့ကုသပေးလျက်ရှိသည်။

လှူဒါန်း

အဆိုပါ ငါးထပ် ဆေးကုသဆောင်သစ်ကို အလှူရှင်များဖြစ်ကြသည့် ဦးကျော်ငွေး- ဒေါ်ခင်ထွေးမိသားစု (ဆုထူးပန် ကျောက်မျက်ရတနာကုမ္ပဏီ)၊ (ဦးအေး)- ဒေါ်ခင်စုနှင့် သား သမီး မြေး မြစ်တစ်စု၊ ဒေါ်စန်းစန်း၊ ဦးမောင်မောင်ဆွေ၊ ဒေါ်ခင်ရီနှင့် ဒေါ်ခင်စီညွှန့် မောင်နှမတစ်စု(မန္တလေး)နှင့် အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီ ဒေါ်ညိုညို မိသားစု (ဒေါ်ထွေး ဂေါမုတ္တ ဆေးတိုက်- မုံရွာမြို့) တို့က ဆောက်လုပ် လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွင့်လှစ်ပေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အလှူရှင်များကိုယ်စား အလှူရှင် ဦးကျော်ငွေး (ဆုထူးပန်ကျောက်မြတ်ရတနာကုမ္ပဏီ)တို့ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း

ကူဝိတ်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ရှိတ် ဒေါက်တာ မိုဟာမက် အယ်လ်ဆားဘား အယ်လ်ဆလမ် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၉(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ **“မြို့ကြီးသားယဉ်ကျေးမှု” (လျှမ်းထက်၊ဖိုးချစ်၊ပုလဲဝင်း၊ နန်းဆုရတီစိုး၊စုချစ်ဇော်) (ဒါရိုက်တာ-ဇော်လူထက်)**
၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ သီချင်းကြီးပဒေသာ
၄း၃၀ ၄။ လက်ဆင့်ကမ်းဝေဂီတအမွေ
၄း၄၀ ၅။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်) (အပိုင်း-ခ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ နိုင်ငံ့စီးပွားအလေးထား၊ ကျေးလက်ထုတ်ကုန်များ
၅း၂၀ ၈။ **“မပြောမပြီး မတီးမမြည်” (နေရဲလင်း၊မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်ခိုင်ဆုသွယ်၊စိုင်းခန့်စိုးလင်း) (ဒါရိုက်တာ-မောင်မောင်မြင့်)**
၅း၄၀ ၉။ တေးဂီတအစီအစဉ်
၅း၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၁၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၅၀ ၁၄။ မူဟန်သွယ်သွယ်ဆိုကြမယ်
၇း၀၀ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၂၀ ၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွှင့်ပြင်
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မြူခိုးဝေဝေချစ်သက်တည်” (အပိုင်း-၁)**
၂၁။ **“သာယာရွှေပြည်တို့နေပြည်” (ဖြိုးငွေစိုး၊အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊မော့စ်၊ ဗေလုဝ၊ရှက်တယ်) (ဒါရိုက်တာ- စင်ရော်မောင်မောင်)**
၂၂။ အစီအစဉ်ပြီး၏။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နမ့်ခချောင်းကူး ဝမ်တာခက်တံတား တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဖေဖော်ဝါရီ၈ရက် နံနက်ပိုင်းတွင် ထုံးဖိုကျေးရွာအနီးရှိ နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရန် ဆောင်ရွက်နေသည့် အခြေအနေများ၊ မိုင်းပျဉ်း-မက်မန်းကားလမ်း အခြေအနေများ၊ ဆွတ်ပိုးကျေးရွာ သောက်သုံးရေ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မက်မန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းမှာကြားပြီး အားကစားပစ္စည်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် ဖေဖော်ဝါရီ၁၀ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော မိုင်းပျဉ်း-မက်မန်းကားလမ်းပေါ်ရှိ နမ့်ခချောင်းကူး ဝမ်တာခက်တံတား ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့်အတူ တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

တိုင်းမှူးနှင့်ဇနီးတို့သည် ဖေဖော်ဝါရီ ၁၁ရက် ညနေ၃နာရီတွင် ကျိုင်းတုံမြို့ မြို့မ အားကစားကွင်း၌ ကျင်းပသည့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ပြခန်းများအတွင်း ကြည့်ရှုအားပေးသည်။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပရာ တိုင်းမှူးက ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး ဝမ်တာခက် တံတားဖွင့်ပွဲ အခမ်းအနားတွင် ဝမ်တာခက်တံတားကို ဖြတ်သန်းကြည့်ရှုစဉ်။

(သတင်းစဉ်)

သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပထမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပထမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနက ဦးစီးဆောင်ရွက်သည့် ပထမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပထမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ ပထမပိုင်း သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်ကဆောင်ရွက်ပြီး တွဲဖက်သဘာပတိများအဖြစ် တိုင်းရင်းဆေးဆရာအသင်းဝင် ပါမောက္ခဒေါက်တာဦးမိတ်၊ တိုင်းရင်းဆေးဆရာကြီး ဦးထိန်ဝင်းတို့က ဆောင်ရွက်ကြသည်။

ထို့နောက်စာတမ်းဖတ်ပွဲကိုကျင်းပရာ တိုင်းရင်းဆေးဆရာများက တိုင်းရင်းဆေးသုတေသနစာတမ်း ၁၆ စောင်ကို အပိုင်းလေးပိုင်းခွဲကာ ရှင်းလင်းဖတ်ကြားဆွေးနွေးကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးသည် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းဆေးကောင်စီဝင်ဆရာကြီးများ၊မြန်မာ့တိုင်းရင်းဆေးဆရာအသင်းဝင်များနှင့် တိုင်းရင်းဆေးသုတေသီများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖေဖော်ဝါရီ၂၂ရက်တွင် နက္ခတ္တဗေဒနယဆေးပညာဆိုင်ရာ စာတမ်း၁၀စောင်ကိုလည်း ရှင်းလင်းဖတ်ကြား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် နေပြည်တော်ပျဉ်းမနားခရိုင် ဦးစီးအရာရှိ ဦးအေးဖေနှင့်အတူ ဖေဖော်ဝါရီ ၂၃ ရက်တွင် နေပြည်တော်လယ်ဝေးမြို့နယ် ဇီးကုန်းစံပြကျေးရွာ၏ စာကြည့်တိုက်တည်ဆောက်မည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဇီးကုန်းကျေးရွာ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ဇီးကုန်း၊ သပြေပင်နှင့် သာဝတ္ထိကျေးရွာတို့မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းစဉ်(၅)ရပ် စံများနှင့်အညီဖြစ်ရေး ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မော်ဘီမြို့ အမှတ်(၁)ရပ်ကွက်(အနောက်ပိုင်း) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင်ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မခင်ရတနာနွယ်အား ကျောင်းအုပ်ဆရာကြီး ဦးမြအုန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဩစတြေးလျ တက္ကသိုလ်နှစ်ခု၏ ဒုတိယနှစ်ဝက် ကျောင်းဝင်ခွင့်အကြောင်း ဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဩစတြေးလျနိုင်ငံ Sydney မြို့ရှိ TAFE နှင့် University of Western Sydney (UWS) တို့၌ ၂၀၀၉ ဒုတိယနှစ်ဝက်ကျောင်းဝင်ခွင့် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ TAFE နှင့် UWS တို့မှ ဌာနေကိုယ်စားလှယ် ဒေါ်ချစ်ချစ်မြင့် (Unique Study Abroad) က Park Royal Hotel ၌ မတ် ၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက်၁၀နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆွေးနွေးဟောပြောမည်ဖြစ်ကာ မွန်းလွဲ၁နာရီမှ ၂နာရီထိ မေးမြန်းသည်များကို ပြန်လည်ရှင်းပြခြင်း၊ ညနေ၄နာရီမှ ၅နာရီခွဲအထိ တစ်ဦးချင်းလျှောက်ထားလိုသူများနှင့် ဆွေးနွေးခြင်းများ ပြုလုပ်မည်ဖြစ်သည်။

ဆွေးနွေးပွဲတက်ရောက်သူများကို ကျောင်းဝင်ခွင့်လျှောက်လွှာ အခမဲ့ပေးမည်။ အသေးစိတ်သိရှိမေးမြန်းလိုသူများ ဖုန်း-၅၂၆၃၄၀၊ ၅၂၄၆၄၀၊ ၃၈၅၃၀၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

Unique Study Abroad သည် ပညာရေးဝန်ဆောင်မှုကို အခကြေးငွေမယူဘဲ လူမှုရေးလုပ်ငန်းတစ်ခုအနေဖြင့် USA, UK, Canada, Australia, New Zealand နိုင်ငံများရှိ အဓိက ကျောင်းကြီးများသို့ ကျောင်းတက်လိုသူများအတွက် ဆောင်ရွက်ပေးနေသည်မှာ ၁၃ နှစ်ရှိပြီး နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ၏ အစည်းအဝေးများတွင် Unique Study Abroad ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချစ်ချစ်မြင့်သည် မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် နှစ်စဉ် နိုင်ငံပေါင်း ရှစ်နိုင်ငံသို့ ၁၉၉၆ခုနှစ်မှစ၍ တစ်ဦးတည်း မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အသိအမှတ်ပြုဖိတ်ကြားခြင်းခံရသူဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မူလနှစ်ဖြာလက်ာရှင်း"(၂)တရားတော် (မဏိရတနာဆရာတော်ဘဒ္ဒန္တပဏ္ဍိတ)
၇း၅၀ - ၁း၅၀	Industrial Talk [ဒေါက်တာအောင်သိန်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅	Activities In The City [မင်္ဂလာရွှေမောင်းရဲ့ သိန်း(၁၀၀၀)ဆုရှင်အား ဂုဏ်ပြုပွဲအခမ်းအနား]
၉း၀၀ - ၃း၀၀	အမိဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	ကော်ဖီထုတ်လုပ်ခြင်းနှင့်ကော်ဖီသောက်သုံးမှု
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	The Game Guide (Harry Potter)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဦးမြင့်အေး(ရူပဗေဒ)နှင့်တွေ့ဆုံခြင်း]
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	မြန်မာပြည်ခရီးစဉ် [စစ်ကိုင်းတိုင်း မင်းကွန်းဒေသနှင့် မန္တလေးတိုင်း (အမရပူရမြို့)ခရီးစဉ်]
၁၁း၅၅ - ၅း၅၅	ခါးနာရောဂါအကြောင်းသိကောင်းစရာ(အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၁၂း၃၅ - ၆း၃၅	Myanmar Video Rhythm
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion Leagues ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Real Madrid - Liverpool	ESPN (Live)
	Chelsea - Juventus	STAR SPORTS (Live)

* ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

မီးဖိုမီး အခြားမီး
သုံးပြီးသတိ အမြဲရှိ

❖ **ရွှေဖုံးမှ**

သီတင်းသုံးတည်းခိုနေထိုင်ရေးနှင့် နေ့စဉ် ဆွမ်းဆက်ကပ်လှူဒါန်းရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းက ဘွဲ့ခံဆရာတော်များအား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည် မိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားနှင့် စပ်လျဉ်းသည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပမည့် သာသနဗိမာန်တော်ကြီးအတွင်း၌ ခင်းကျင်းပြင်ဆင် စီမံထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဥပ္ပါတသန္တိ စေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပမည့် သာသနဗိမာန်တော်ကြီးအတွင်း၌ ခင်းကျင်းပြင်ဆင်စီမံထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးတို့က လိုက်လံရှင်းလင်း ပြသတင်ပြကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပမည့် သာသနဗိမာန်တော်ကြီးအတွင်း၌ ခင်းကျင်းပြင်ဆင် စီမံထားရှိမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

တပေါင်းလဆန်း ၁၁ ရက် (၆-၃-၂၀၀၉) တွင်လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို တပေါင်းလဆန်း ၁၂ ရက် (၇-၃-၂၀၀၉)တွင် လည်းကောင်း၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင် မဟာမင်္ဂလာအခမ်းအနားကို တပေါင်းလဆန်း ၁၃ ရက် (၈-၃-၂၀၀၉)တွင် လည်းကောင်း၊ မြသပိတ်၊ ရွှေကြာသက်နန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို တပေါင်းလဆန်း ၁၄ ရက် (၉-၃-၂၀၀၉)တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနားကို တပေါင်းလပြည့်နေ့ (၁၀-၃-၂၀၀၉)တွင်လည်းကောင်း အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိပိဋကဆရာတော်များ၊ ဘွဲ့တံဆိပ်တော် အလှူခံတော်မူကြမည့် ဆရာတော် သံဃာတော်များအား ပင့်လျှောက်ထားပြီးဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့တွင် ရတနာပစ္စည်းများ တပ်ဆင်လှူဒါန်းလိုသူ အလှူရှင်များအတွက် စေတီတော်၌ သီးသန့်အလှူခံဌာန ဖွင့်လှစ်ထားရှိသည်။ ပွဲတော်အပြီးကာလများတွင်လည်း ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် ရတနာပစ္စည်းများ တပ်ဆင်လှူဒါန်းလိုပါက လာရောက်လှူဒါန်းနိုင်ကြပြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် တပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပ္ပါတသန္တိစေတီတော်၏ မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် ဘုရားပွဲတော်ကာလနှင့် ပွဲတော်အကြိုကာလဖြစ်သည့် ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၉ ရက်အထိ ကြည့်ချင်ပွဲများဖြစ်သည့် အာဇာနည်စန်းစန်းဆပ်ကပ်၊ နန်းအငြိမ့်၊ သစ်လွင်အငြိမ့်၊ မိုးမင်းဇာတ်သဘင်နှင့် ဖိုးချစ်ဇာတ်သဘင်များဖြင့်လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် မော်ကွန်းရုပ်ရှင်များဖြင့်လည်းကောင်း အသီးသီး တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Information Security ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကွန်ပျူတာ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅)၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးတင်ထူးခိုင်က "Information Security" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်ပြီး သတင်းအချက်အလက်များ၏ အရေးပါမှု၊ သတင်းအချက်အလက် လုံခြုံမှုကို ထိခိုက်စေနိုင်မည့် အန္တရာယ်များနှင့် ကာကွယ်မှုအစီအစဉ်များ စသည်တို့ကိုပါ ဟောပြောသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ လုပ်ငန်းအဖွဲ့အစည်းများကို ဦးဆောင်နေသူများ၊ IT Manager များ၊ Network Professional များနှင့် မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❁ **ဂျာမနီမှ**

တောင်ဝင်ရိုးစွန်းရှိ အန္တာတိကဒေသတွင် မြေမျက်နှာပြင်၏ ၉၈ ရာခိုင်နှုန်းမှာ ရေခဲဖုံးလွှမ်းလျက်ရှိသည်။ အန္တာတိကတိုက်သည် ကမ္ဘာပေါ်တွင် အအေးမြဆုံးနှင့် လေအတိုက်ဆုံး ဒေသလည်းဖြစ်သည်။

အန္တာတိကဒေသတွင် သိပ္ပံသုတေသနလုပ်ငန်းများကို ဦးဆောင်ခဲ့သူ ဂျာမန်လူမျိုး သိပ္ပံပညာရှင် ဂျော့ဂျ်ဗွန်နျူမေယာအား ဂုဏ်ပြုသည့်အနေဖြင့် သုတေသနစခန်း၏အမည်ကို နျူမေယာဟု ခေါ်တွင်ခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံတွင် အန္တာတိကဒေသ၌ ၁၉၈၁ ခုနှစ်မှစ၍ သုတေသနစခန်းများဖွင့်လှစ်ကာ တောင်ဝင်ရိုးစွန်းဒေသ၏ ဘူမိရူပအခြေအနေ၊ မိုးလေဝသအခြေအနေနှင့် ကမ္ဘာ့လေထုလွှာ၏ အိုဇုန်းလွှာအခြေအနေတို့ကို စဉ်ဆက်မပြတ်လေ့လာလျက်ရှိသည်။

အင်တာနက်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသက်န်းကပ်လှူရန် ရွှေပြားများလှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသက်န်းကပ်လှူရန် ရွှေပြားများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် အဆိုပါစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ရွှေသက်န်းကပ်လှူရန် ရွှေပြားများ လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေ ရှာဖွေရေးကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရွှေပြားများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်သားများ လှူဒါန်းသော ရွှေစင်ရွှေပြားများအား တပ်မတော်သားများကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဗိုလ်ချုပ်ခင်မောင်ထွန်းတို့က လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော် ရွှေသက်န်းကပ်လှူရန် Rising Sun Co.,Ltd. မှ Chairman ဦးစိန်သောင်းဦးက One K Gold ရွှေဆေး ၁၅၁၂ ဂါလန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ဇနီး ဒေါ်ဆွေဆွေဦးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဇနီး ဒေါ်နီနီဝင်း မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ သားသမီး၊မြေးများနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဇနီး ဒေါ်ကြူကြူဝင်း မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဇနီး ဒေါ်တင်တင်လတ် မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ဇနီး ဒေါ်မကြည်စိန် မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဇနီး ဒေါ်စန်းစန်းမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဇနီး ဒေါ်အေးအေး မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါ်ညွန့်ညွန့်ဦးတို့အား အမှူးထား၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ဦးစီးဌာနများရှိ မိသားစုများ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဇနီး ဒေါ်ခင်မိမိ မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၂) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဇနီး ဒေါ်တင်တင်နွဲ့မိသားစုနှင့်ဝန်ထမ်းမိသားစုများ၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဇနီး ဒေါ်ကျင်ခိုင် မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဇနီး ဒေါ်မြသီဂီမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဇနီး ဒေါ်မူမူဝင်းမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းမိသားစုများ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ဇနီး ဒေါ်ဝေဝေသာမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဇနီး ဒေါ်အေးအေးထွန်း မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဇနီး ဒေါ်တင်တင်ညွန့်တို့အားအမှူးထား၍ ဝန်ထမ်းမိသားစုများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဇနီး ဒေါ်ခင်ပြုံး သားသမီး၊ မြေး မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဇနီး ဒေါ်သက်သက်ဆွေ မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး (ဒေါ်အေးကြည်)၊ သားသမီး၊မြေးတစ်စုနှင့် ဝန်ထမ်းမိသားစုများ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဇနီး ဒေါ်ခင်မြမြ မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဇနီး ဒေါ်မိုးသီတာ မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ကျေးဇူးရှင် မိဘများဖြစ်ကြသော ဦးခင်မောင်မောင် (ဒုတိယဝန်ကြီး-ငြိမ်း၊ အမှတ်-၁ စက်မှုဝန်ကြီးဌာန)နှင့် သီဟသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မိမိခင်(လူမှုထူးချွန်ပထမဆင့်) တို့အား ဦးထိပ်ထား၍ ဦးလှမြင့်၊ ဦးသန့်ဇင်၊ ဦးသစ်ဦး-ဒေါ်လင်းစန္ဒာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၊ မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းသား၊ အသင်းသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် မောင်မောင်အုန်း၊ ဇနီး ဒေါ်ခင်ဆွေဝင်း မိသားစုနှင့် အရာရှိ၊ စစ်သည် မိသားစုများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ဝင်းဝင်းမြ မိသားစုနှင့် အရာရှိ၊ အရာခံ၊ စစ်သည်မိသားစုများ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးနှင့် ဇနီး ဒေါ်စိုးဝတ်ရည် မိသားစု၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဇနီး ဒေါ်အေးအေးမြင့် မိသားစု၊ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဇနီး ဒေါ်ခင်မာ မိသားစု၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် မိသားစု၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် ဇနီး ဒေါ်တင်ဌေးလှိုင် မိသားစု၊ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်းမိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးစန်းတင့်ရီနှင့် ဇနီး ဒေါ်ချိုချိုဆက် မိသားစု၊ တရားရုံးချုပ် (မန္တလေး)တရားရုံးချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် ဇနီး ဒေါ်လှလှသန်း မိသားစု၊ တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်နှင့် ဇနီး ဒေါ်မြင့်ကြည် မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်းနှင့် ဇနီး အကယ်ဒမီ ဒေါ်တင်တင်နွဲ့မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းနှင့် ဇနီး ဒေါ်လှလှကျော် မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် ဇနီး ဒေါ်ခင်ဝင်း၊သားသမီး၊မြေး တစ်စု၊ တရားရုံးချုပ် တရားသူကြီး ဦးတင်အေးနှင့် ဇနီး ဒေါ်စိုးခင်အေး မိသားစု၊ တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြမြလေး မိသားစု၊ တရားရုံးချုပ် တရားသူကြီးဦးချစ်လွင်နှင့်ဇနီး ဒေါ်လေးမြင့်မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းနှင့် မိသားစု၊ တရားရုံးချုပ် တရားသူကြီးဦးခင်မြင့်နှင့်ဇနီး ဒေါ်အေးခိုင်၊ သားသမီး၊မြေးတစ်စု၊ ဗိုလ်မှူးကြီး သန့်ရှင်းနှင့်ဇနီး ဒေါ်တင်မြတ်သူမိသားစု၊ သံအမတ်ကြီး ဦးအုန်းသွင်နှင့် ဇနီး ဒေါ်စမ်းစမ်းနွယ်၊ သားသမီး၊မြေးတစ်စု၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ ဇနီး ဒေါ်ခင်ဝင်းနှင့် ဝန်ထမ်းမိသားစုများ၊ ဒုတိယဗိုလ်မှူးကြီး ညွန့်ရွှေနှင့် ဇနီး ဒေါ်အေးအေးမြင့် မိသားစုတို့က ရွှေစင်ရွှေပြားများကိုလည်းကောင်း၊ ဦးသန်းစိန်နှင့် ဇနီး ဒေါ်ရန်တို့အား အမှူးထား၍ သား ကိုဇော်ဝင်းရှိန် ဧရာဟသ်ာ ကုမ္ပဏီမိသားစုက သုံးကျပ်သား ရွှေပြား ၃၁ချပ်၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဗိုလ်မှူးကိုကိုနိုင်(ငြိမ်း)နှင့် ဇနီး ဒေါက်တာ ခင်ဆွေဦး(ကလေးအထူးကုဆရာဝန်ကြီး) မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ ဦးတောင်ကြားနှင့် ဇနီး ဒေါ်ခင်ရွှေမိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ဂီတစာဆို အကောက်ခွန် သန်းနွဲ့အား ရည်စူး၍ သမီး မခိုင်မာအေး မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ ထားဝယ်မြို့နေ ဦးသန်းဝင်းနှင့် ဇနီးဒေါ်မြမြဝင်းမိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ မိခင်ကြီး ဒေါ်လှကြွေနှင့် သမီး ဒေါ်ခင်ညို မိသားစု၊ မြောင်းမြမြို့က တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးဌေးမြင့်နှင့် ဇနီး ဒေါ်ယဉ်ယဉ်နု၊ သားသမီး၊မြေး တစ်စုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဖခင်ဦးမောင်မောင်ကြီးအား ရည်စူး၍ နေပြည်တော်ပျဉ်းမနားနေ ဒေါ်ကြူကြူလှ၊ သမီး မချိုချိုဆွေ မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ မိဘများအား အမှူးထား၍ကိုစည်သူအေးအောင် Asia Hi-Tech ဆောက်လုပ်ရေး ကုမ္ပဏီက တစ်ကျပ်သား ရွှေပြား အချပ် ၂၀၊ ကိုနေအောင်နှင့် မချိုချိုဦး၊ ကိုမင်းသိန်း-မသီတာဝင်း၊ ကိုမင်းသူ၊ မမေသုနွယ်-ကိုနိုင်ထွန်းဦး မိသားစုက သုံးကျပ်သားရွှေပြား တစ်ချပ်၊ ပဲခူးတိုင်း၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ မိဘနှစ်ပါးအား ရည်စူး၍ နေပြည်တော်ပျဉ်းမနားနေ ဒေါ်နု မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်တင်မမထွန်း၊ နှမ ဒေါ်ခင်ညိုညိုလှိုင် မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်တို့ကို လည်းကောင်း လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဝန်ကြီးများက လက်ခံ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က စေတီတော်ကြီးအတွက် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်များမှ ရတနာပစ္စည်း ၄၈ မျိုး၊ ဥပ္ပါတသန္တိစေတီတော်မြတ်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၌ ရင်ငွေ့ခိုလှုံ အပူဇော်ခံစဉ် ရတနာပစ္စည်း ၆၅ မျိုး၊ အလှူငွေ ၁၄၉၁၃၉၇၂ ကျပ် ရရှိမှုနှင့် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ ရင်ငွေ့ခိုလှုံအပူဇော်ခံစဉ် ရတနာပစ္စည်း အထုပ် ၂၅၀နှင့် အလှူငွေ ၉၂၁၁၃၉၈၈ ကျပ် ရရှိမှုကိုလည်းကောင်း၊ မြို့နယ်အသီးသီးမှ ပေးပို့လှူဒါန်းထားသော ဆင်းတုတော်၊ ဓာတ်တော်မွေတော်များ၊ ရွှေစင် ၁၅ ပိဿာနှင့် ရွှေစင်ရွှေပြားများအတွက် စုစုပေါင်းအလှူငွေ ရရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားသို့ မြို့နယ်အသီးသီးမှ စေတနာအလှူရှင် ၁၃၁ ဦးက ရွှေစင်များ၊ သုံးကျပ်သား ရွှေပြား ၄၃၂ ချပ်၊ တစ်ကျပ်သား ရွှေပြားအချပ် ၉၀၊ ရွှေဆေးသက်န်း ၁၅၁၂ ဂါလန်နှင့် ပန်းလည်တိုင်တစ်ခုတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဥပ္ပါတသန္တိစေတီတော်တွင် တင်လှူပူဇော်မည့် ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့၌ ရတနာများ ထည့်ဝင်လှူဒါန်းလိုပါက လှူဒါန်းနိုင်ရန် ရင်ပြင်တော်တွင် အပူဇော်ခံထားရှိကြောင်းနှင့် စေတီတော်ကြီး၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပြီးပါကလည်း အဆိုပါ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ၌ ရတနာများကို တင်လှူပေးမည်ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်တွင် ရွှေပြားနှင့် ရွှေပါးလွှာများ၊ ရွှေစင်များကို ပွဲတော်ကာလအတွင်းနှင့် ပွဲတော်ကာလအပြီးတွင်လည်း ဆက်လက်လှူဒါန်းနိုင်ရန် အလှူခံဌာန ဆက်လက် ဖွင့်လှစ်ထားကြောင်း သိရသည်။
(သတင်းစဉ်)

✻ နေပြည်တော်မှ

ရေစိမ့်တားသံမဏိသွပ်ပြားမှာ အလျားပေ ၉၂၁၀ အနက် ပေ ၄၀ ရှိသည်။ ရေလှောင်တမံစီမံကိန်းနှင့်အတူ ရေအားလျှပ်စစ် တပ်ဆင်အား ၂၅ ကီလိုဝပ်တစ်လုံးဖြင့် နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား နာရီသန်းပေါင်း သုညဒသမ ဝ၈ ကီလိုဝပ် ထုတ်လွှတ်ပေးနိုင်ရန် တည်ဆောက်လျက်ရှိသည်။

မဒန်းရေလှောင်တမံမှ ရေအားလျှပ်စစ်ကို ထုတ်လုပ်ရာတွင် ရေထုတ်ပြွန်ပိုက်လိုင်းမှ ထုတ်ယူမည်ဟု သိရှိရသည်။ တည်ဆောက်ရေးလုပ်ငန်းများတွင် ပင်မတမံ တည်ဆောက်ရေး၌ ချောင်းပိုင်တမံ မြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေကြပြီး ရေပိုလွှဲမှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ရေလွှဲဆည်နှင့်ဆည်ရေသောက်စနစ်များ ဆောင်ရွက်လျက်ရှိပြီး ရေလွှဲဆည်မှတစ်ဆင့် မြောင်းမကြီး၊ ထို့နောက် လက်တံမြောင်းမှတစ်ဆင့် စိုက်ပျိုးရေ ပေးဝေမည်ဖြစ်ရာ နေပြည်တော်လယ်ဝေးမြို့နယ်၏ အရှေ့ဘက်ခြမ်းဒေသများ စိုက်ပျိုးရေ ရရှိကြမည်ဖြစ်သည်။ ရရှိသော လျှပ်စစ်ဓာတ်အားကို ပတ်ဝန်းကျင်ကျေးရွာများသို့ ပို့လွှတ်ပေးမည်ဟု သိရှိရသည်။

နေပြည်တော်လယ်ဝေးတွင် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၂ ရက်က ဖွင့်လှစ်ခဲ့သော ချောင်းမငယ်ရေလှောင်တမံသည် ယခုအခါ ရေသိုလှောင်မှုရှိနေ၍ စိုက်ပျိုးရေပေးဝေနေပြီဖြစ်သည်။ စိုက်ပျိုးမြေဧရိယာ ဧက ၈၀၀၀ တွင် စပါးနှင့် နှမ်း၊ မတ်ပဲ၊ ပြောင်း၊ ကြံတို့ကို အားထား စိုက်ပျိုးနေကြပြီဖြစ်သည်။

ထို့နောက် နေပြည်တော်လယ်ဝေး ရေပြာရိုးကျေးရွာ၏ အနောက်မြောက် သဲဖြူချောင်းပေါ်၌ တည်ဆောက်ခဲ့သော သဲဖြူရေလှောင်တမံကို ၂၀၀၄ ခုနှစ် ဩဂုတ် ၃၀ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါဆည်ကြောင့် ကြံနှင့် စပါးဧက ၁၂၀၀ ကို အပြည့်အဝ စိုက်ပျိုးလျက်ရှိသည်။ သဲဖြူရေလှောင်တမံမှ ရေသောက်ဧရိယာသည် မဒန်းရေလှောင်တမံမှ ပေးဝေမည့် ရေသောက်ဧရိယာနှင့် ပေါင်းစပ်ပြီး စပါးနှင့် နှမ်း၊ မတ်ပဲ၊ ပြောင်း၊ ကြံတို့ကို စိုက်ပျိုးရာ၌ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ပြီး နွေသီးနှံများကိုပါ စိုက်ပျိုးလာနိုင်တော့မည်ဖြစ်သည်။

နေပြည်တော်လယ်ဝေးတွင် လယ်မြေထက် ယာမြေက ပိုမိုရှိနေ၍ ယာမြေကို လယ်မြေအဖြစ် ပြောင်းလဲကာ စပါးအထွက်တိုးအောင် စိုက်ပျိုးနိုင်မည်ဟု သိရှိရသည်။

မဒန်းရေလှောင်တမံကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးရန် လျာထားခဲ့သည်။ ယခုအခါတွင် ချောင်းပိုင်းတမံ ပိတ်လုပ်ငန်းကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် စက်ယန္တရားကြီးများဖြင့် နေ့ညမအား ဆောင်ရွက်နေကြသည်။ မကြာမီ ပြီးစီး၍ ဖွင့်လှစ်နိုင်တော့မည်ဟုသိရသည်။

နေပြည်တော်လယ်ဝေးရှိ ဖော်ပြပါ ချောင်းမငယ်ရေလှောင်တမံမှပေးဝေသည့် ရေသောက်ဧရိယာများမှာ နေပြည်တော် ပျဉ်းမနား၊ တောင်တွင်းကြီး ရထားလမ်း တစ်ဖက်တွင်တည်ရှိပြီး ယခုအခါ မဒန်းရေလှောင်တမံမှ ပေးဝေမည့် ရေသောက်ဧရိယာနှင့် သဲဖြူရေလှောင်တမံမှ ပေးဝေနေသော ရေသောက်ဧရိယာများမှာ အဆိုပါရထားလမ်း၏ အခြားတစ်ဖက်တွင် ရှိကြမည်ဖြစ်သဖြင့် ဆည်ရေများ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားကြမည်ဟု သိရှိရသည်။

နေပြည်တော်လယ်ဝေးတွင် မဒန်းရေလှောင်တမံအပါအဝင် ယခင်က တည်ဆောက်ပြီး၍ စိုက်ပျိုးရေပေးဝေနေသော ရန်အောင်မြင် ရေလှောင်တမံ၊ သဲဖြူရေလှောင်တမံနှင့် ချောင်းမငယ်ရေလှောင်တမံ အသီးသီးက စိုက်ပျိုးရေများ စုပေါင်းကာ စိုက်ပျိုးရေများ ပို့လွှတ်နိုင်၍ စိုက်ဧကများ ကျယ်ပြန့်လာနေပြီဖြစ်သည်။ ထိုဒေသတွင် မိုးစပါး၊ နွေစပါး၊ မိုးနှမ်း၊ နွေနှမ်း၊ မတ်ပဲ၊ ပြောင်း၊ ကြံနှင့်ဂုန်လျှော်၊ ဟင်းသီးဟင်းရွက်များ အလျှံပယ်ထွက်ရှိလာသည်။ ထို့ကြောင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာခြင်း၊ လူမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာခြင်း စသော အကျိုးကျေးဇူးများစွာတို့ကို ရရှိမျှဝေခံစားကြရတော့မည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

ချင်းတွင်းအသင်း(ရန်ကုန်)၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည် အစည်းအဝေးတွင် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသော မောင်ပြည့်အာကာကျော်အား အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်စဉ်။ (ကြေးမုံ)

ရန်ကုန်ဂေါက်ကလပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီတွင် ရန်ကုန်ဂေါက်ကွင်း၌ ကျင်းပသည့် ရန်ကုန်ဂေါက်ကလပ်၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ ရန်ကုန်ဂေါက်ကွင်းအထိမ်းအမှတ် ခြသေ့်ရုပ်တုကို ရန်ကုန် ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးကျော်စန်ဝင်းက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အမှာစကားပြောကြားပြီး ရန်ကုန်ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးကျော်စန်ဝင်းက နှစ်တစ်ရာပြည့်အခမ်းအနား ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ နိုင်ငံတကာမှ ပေးပို့လာသည့် သဝဏ်လွှာများ လက်ခံရရှိမှုကို တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေအဆင့်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဝေယံအောင်**(ယာပုံ)**နှင့် ဒုတိယဆုရရှိသော ကျော်စိုးဝင်းတို့အား ဆုများကို ချီးမြှင့်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ငွေအဆင့်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော တင်အောင်လင်းနှင့် ဒုတိယဆု ရရှိသော သိန်းလွင်တို့အား ဆုများကို ချီးမြှင့်ပေးသည်။

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပညာရှင်တံခွန်စိုက် ပထမဆုရရှိသော မျိုးမင်းအောင်နှင့် ဒုတိယဆုရရှိသော ဇော်ဇင်ဝင်းတို့အား ဆုများကို ချီးမြှင့်ပေးသည်။

ထို့နောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အပျော်တမ်းတံခွန်စိုက် ပထမဆုရရှိသော သန့်ဇော်နှင့် ဒုတိယဆုရရှိသော နေဗလဝင်းမြင့်တို့အား ဆုများချီးမြှင့်ပေးသည်။ (သတင်းစဉ်)

လက်ဆောင်ချီးမြှင့်

၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဂုဏ်ပြုပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုရ ရုပ်ရှင်သရုပ်ဆောင် မိုးဒီအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။
(သတင်းစဉ်)

၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသည့် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရ စိန်မွတ်တား၊ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုရ မောင်ယဉ်အောင်၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရ မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ ကျောက်ဖြူ(ပဒေသာ)၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ရုပ်ရှင်သရုပ်ဆောင်မိုးဒီနှင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ ရုပ်ရှင်သရုပ်ဆောင်ကျော်ရဲအောင်တို့အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခံရသူများကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမိုးဒီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများအား တစ်ဦးလျှင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ်သုံးသိန်း၊ မင်္ဂလာရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် စူပါကော်ဖီမစ်တို့က ငွေကျပ် နှစ်သိန်းစီ စုစုပေါင်းငွေကျပ်ခုနစ်သိန်းစီကို ချီးမြှင့်သည်။ (သတင်းစဉ်)

ပီလောပီနံ၊ ကျွန်း၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတို့ ပူးတွဲစီမံကြီးကြပ်ဆောင်ရွက်၍ မြစ်ကြီးနားမြို့ သစ်တောဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေး မှူးရုံး၊ ခရိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ကျင်းပသော ပီလောပီနံ၊ ကျွန်း၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး၊ လူထု အသိပညာပေး စာပေဟောပြောပွဲများကို မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော် ခရိုင်၊ ပူတာအိုခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်များ၌ ကျင်းပသည်။

လူထုအသိပညာပေး စာပေဟောပြောပွဲတွင် စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ ဇွန်မောင်မောင် **(အောက်ပုံ)**နှင့် စာရေးဆရာမ ခရေ(ပလော)တို့က ဘာသာရပ်အလိုက် ဟောပြောသည်။

အလားတူ လူထုအသိပညာပေးစာပေဟောပြောပွဲများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ကရင်ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ဇွန်၂၄ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ ဇွန်မောင်မောင် ဦးစီးသော စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များအဖွဲ့ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများအား ပဲ၊ ပြောင်း၊ ချည်မျှင်ရှည်ဝါ၊ နေကြာ၊ ပီလောပီနံ၊ ကျွန်း၊ ရော်ဘာ၊ သစ်မွှေး၊ ဆီအုန်း၊ ဆန်စပါး၊နှမ်း၊ ဆီထွက်သီးနှံများနှင့် စားသုံးသီးနှံများအပြင် နှစ်ရှည်ပင်များဖြစ်သော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး စာပေဟောပြောပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (လယ်/ဆည်)

စက်မှု(၁)

အထူးဈေးရောင်းပွဲတော်များ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲများကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်း ရမည်းသင်းမြို့နှင့် မကွေးတိုင်း သရက်မြို့တို့၌ ကျင်းပကြသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်များတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းအမျိုးအမယ် ၃၁၆ မျိုးကို ခင်းကျင်းပြသ ရောင်းချလျက်ရှိပြီး မည်သူမဆို လွတ်လပ်စွာဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အဝေးပြေးယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဟန်(၂)၊ ရန်ကုန်တိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးချစ်နှင့် ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်**(အောက်ပုံ)**တို့သည် ဖေဖော်ဝါရီ ၂၁ရက်က မြောက်ဥက္ကလာပမြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်း စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ အဝေးပြေးယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပို့ချရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(အောင်မင်္ဂလာအဝေးပြေး) ဒုတိယတာဝန်ခံ ဒေါ်တင်တင်ဝင်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)ဌာနစုမှူး ဦးခေတ်လှိုင်၊ အမှတ်(၇) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးကျော်စိုး၊ ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးသိန်းဌေးနှင့် ယာဉ်လိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိုဒ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၅။	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (သင်္ချာ အပိုင်း-ခ)
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	**ကာတွန်းအစီအစဉ် - လူစွမ်းကောင်းလေး လူဆာ(အပိုင်း-၂၄)**
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ကြီးမြတ်သူတို့နှလုံးသား (အပိုင်း-၂၆)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒဏ္ဍာရီထဲကပုံပြင်လေး တစ်ပုဒ် (အပိုင်း-၂၃)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

(25-2)10.pmd 1 2/25/2009, 3:59 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။	
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော် ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

"ဒေါ်လာ ကယောက်ကယက် မြန်မာငွေတန်ဖိုးအတက်"၏ နောင်ဖြစ်လာမည့် မြန်မာ့စီးပွားရေးတွင် လုပ်ဆောင်သင့်သည်များနှင့် ပတ်သက်ပြီး ဘဏ်လုပ်ငန်းပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများ၏ သုံးသပ်အကြံပြုချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၉)ထွက်ရှိလာသည်။

ယင်းအပြင် အကျဉ်းသား ၆၃၁၃ဦး ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ စိုက်ဆင်းလေပြင်း တိုက်ခတ်မည်ဆိုသည်မှာ မဟုတ်မမှန်ဟု မိုး/ဇလ ညွှန်ချုပ်ငြင်းဆို၊ လေလံပွဲဆက်မှုကြောင့် ကားဈေးကွက်ငြိမ်၊ မော်လ်ဒိုက်တွင် ဟိုတယ်ဆောက်လုပ်ရေးအတွက် မြန်မာလုပ်သားများခေါ်၊ ကွမ်းခြံကုန်းတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ MES ကဆောက်လုပ်မည်၊ မြန်မာ-ထိုင်းကုန်သည်များ တိုက်ရိုက်တွေ့ဆုံ၍ အပြန်အလှန် ကုန်သွယ်မှုမြှင့်တင်ရန် ကြိုးပမ်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ပြည်ပအလုပ်အကိုင်"အကြောင်း၊ "မင်းမော်ကွန်းနှင့်တွေ့ဆုံခိုက် မေးမြန်းဖြစ်တာလေးတွေ" ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

လာမည့်နှစ် အမေရိကန်ပြည်ထောင်စု၏ ထက်မြက်သောစွမ်းအားစု အစီအစဉ်တွင် အင်ဒိုနီးရှားက အဓိကကဏ္ဍမှပါဝင်၊ စီးပွားရေးအကျပ်အတည်းမှ ကျော်လွှားနိုင်မည့်နည်းလမ်းများရှာရန် ဂျီ-၇ ဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများတွေ့ဆုံ၊ ဂျပန်နိုင်ငံ လူဦးရေနှင့် ကျား/မ တန်းတူရေး ဝန်ကြီးက မွေးဖွားနှုန်းကျဆင်းမှုကို တိုက်ဖျက်သည့်အနေဖြင့် ကလေးရယူ၊ ကွန်ပျူတာဂိမ်းနှင့် ရုပ်မြင်သံကြားက စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုဖြစ်ပွားစေရန် ကလေးများအား တွန်းပို့၊ မလေးရှားတွင် ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေး မလိုအပ်သည့်မီးများကို တစ်နာရီပိတ်ရန်တိုက်တွန်း၊ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ကသေဆုံးသွားသော ဘာသာရေးအဆိုတော်အမျိုးသမီး၏ မံမီရုပ်အလောင်း ထုတ်ဖော်ပြသ၊ "ဇနီးမောင်နှံ ချစ်ကြည်နူးနေစဉ် အခြားအမျိုးသားတစ်ဦး၏အမည်ကို အော်ခေါ်မိသော ဇနီးသည်အား ခင်ပွန်းသည်က လည်ပင်းညှစ်သတ်"မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့"ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်က ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ပထမတန်း ပညာရည်ချွန်ဆု ဒုတိယဆုနှင့် ဒုတိယတန်း မြို့နယ်အဆင့် လက်ရေးလှ ထူးချွန်ဆုရရှိသူ မောင်ပြည့်စုံဝင်းလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့် ဆုချီးမြှင့်စဉ်။ (မြို့နယ်စာနယ်ဇင်း)

မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သန်လျင်မြို့ ထန်းနှစ်ပင် အခြေခံပညာမူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သက်ပြည့် (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများ မြတ်ဆရာကန်တော့ပွဲကို မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ထန်းနှစ်ပင် အခြေခံပညာမူလတန်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးစိန်ဝင်း (ကျောင်းအုပ်ကြီး၊ ထန်းနှစ်ပင် အမက)၊ ကိုမောင်မောင်ဆွေ၊ ကိုအောင်မိုးဆွေ ဖုန်း-၀၉၅-၀၆၀၆၅၁၊ မဝင်းသန္တာဦး ဖုန်း- ၀၉၅-၀၂၈၄၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အမက(၁) ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးမိသားစု၏ မြို့နယ်ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်ကကျင်းပရာ ကျောင်းအဆင့်ဘက်စုံပထမ၊ နယ်မြေအဆင့်/မြို့နယ်အဆင့် သင်္ချာ ပထမရရှိသူ Grade - 5 မှ မောင်ရဲမင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်လှိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ မြင်းခြံမြို့နယ် မဂ္ဂဇင်း အမှတ်(၁)ရောင်းချပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၂ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့၌ ရောက်ရှိနေသော မြင်းခြံမြို့နယ်သူ မြို့နယ်သားများ၊ အသက်(၈၀)နှင့်အထက် အဘိုးအဘွားများ အမှုဆောင်အဖွဲ့နှင့် ဆက်သွယ်နိုင်ကြသည်။

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူ မြို့နယ်သားများ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူနှင့် ကျောင်းအုပ်ကြီး၏ ထောက်ခံစာမိတ္တူတို့ကို ပေးပို့၍ ဆက်သွယ်နိုင်ကြသည်။ အသင်းနာယကကြီးများနှင့် ရန်ကုန်ရောက် အသင်းဝင်သူဖြစ်စေ၊ မဝင်သူဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်း လိုသူများသည် ဒုတိယဗိုလ်မှူးကြီး ကျော်ရင်(ငြိမ်း) ဖုန်း-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း - ၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း - ၆၉၉၇၉၁၊ ဦးကြည်မောင် ဖုန်း - ၅၄၈၂၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ မန္တလေးတိုင်း ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လားရှိုးမြို့နှင့် နမ့်စန်မြို့တို့တွင် ၃ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၅ရက် ညနေအထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၇ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၉ ဒီဂရီဖာရင်ဟိုက်)	၂၃-၂-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၁၆ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၁ ဒီဂရီဖာရင်ဟိုက်)	၂၄-၂-၂၀၀၉
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၆ ရာခိုင်နှုန်း	၂၄-၂-၂၀၀၉
နေပူသည့်နာရီပေါင်း ၆ ဒသမ ၉ နာရီခန့်	၂၃-၂-၂၀၀၉

ငွေကျပ် ၂၀၀ တန် ထီဖွင့်ပွဲ မတ် ၁ရက်တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၂၄၂)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက်တွင် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၅ဆု၊ ငွေကျပ် ၁၀ သိန်း ၃၇၅ ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ်သုံးသိန်း ၁၆၂ဆု၊ ငွေကျပ်နှစ်သိန်း ၁၄၄၀ဆု၊ ငွေကျပ်တစ်သိန်း ၁၃၉၉၆ ဆု အပါအဝင် ဆုမဲပေါင်း ၁၅၉၉၉ဆုဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(25-2)11.pmd 1 2/25/2009, 4:00 AM

ယနေ့ ကြေးမုံ ပြည်တွင်းသတင်းအညွှန်း

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သစ်ဖွင့်...

သတင်း စာမျက်နှာ ၆

နမ့်ခချောင်းကူး ဝမ်တာခက်တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ...

သတင်း စာမျက်နှာ ၇

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးထံ တပ်မတော်သားများ လှူဒါန်းသော ရွှေစင်ရွှေပြားများအား တပ်မတော်သားများကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ပေးအပ်လှူဒါန်းစဉ်။ *(သတင်း-ရွှေဖုံး)* (သတင်းစဉ်)

နေပြည်တော်လယ်ဝေးမှ မဒန်းရေလှောင်တမံတည်ဆောက်ရေး လုပ်ငန်းခွင်အား တွေ့ရစဉ်။

နေပြည်တော်လယ်ဝေးတွင် မဒန်းရေလှောင်တမံ တည်ဆောက်

အခြားဆည်အစုအဖွဲ့နှင့် စိုက်ပျိုးရေများပေါင်းစပ်နိုင်၍ စိုက်ပျိုးမြေဧရိယာများ ပိုမိုကျယ်ပြန့်လာ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေရရှိရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို ရည်ရွယ်၍ နိုင်ငံတစ်ဝန်းတွင် အသေးစား၊ အလတ်စား၊ အကြီးစား ဆည်မြောင်းတာတမံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည့်အနက် နေပြည်တော်ခရိုင် နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရန်အောင်မြင်ရေလှောင်တမံ၊ သဲဖြူရေလှောင်တမံ၊ ချောင်းမငယ် ရေလှောင်တမံတို့ကို တည်ဆောက်ပေးခဲ့ပြီးနောက် ထပ်မံ၍ မဒန်းရေလှောင်တမံကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

နေပြည်တော်လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီး မဒန်းချောင်းကို တမံပိတ်ထားသည့် မဒန်းရေလှောင်တမံသည် စိုက်ပျိုးမြေ ဧရိယာဧက ၈၀၀၀ကို ရေပေးဝေနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် တည်ဆောက်မှုလုပ်ငန်းများကို သိရှိနိုင်ရန် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဦးစီးမှူးဦးချို့နှင့်အတူ နေပြည်တော်မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း စတင်ထွက်ခွာခဲ့သည်။ နေပြည်တော်မှ မိုင် ၂၀ အကွာရှိ သဲဖြူရေလှောင်တမံတွင် ခေတ္တရပ်နားခဲ့ပြီး ၃၄ မိုင်အကွာတွင်ရှိသော မဒန်းရေလှောင်တမံ စီမံကိန်းနယ်မြေသို့ ရောက်ရှိခဲ့သည်။

မဒန်းရေလှောင်တမံ စီမံကိန်းနယ်မြေသို့ရောက်သောအခါ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေက မဒန်းရေလှောင်တမံနှင့်ပတ်သက်သော အချက်အလက်များကို ကွင်းဆင်း၍ အသေးစိတ်ရှင်းလင်းပြသသည်။

မဒန်းရေလှောင်တမံစီမံကိန်းကို ၅-၁၀-၂၀၀၆ ရက်က ကျင်းပခဲ့သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် ၂/၂၀၀၆ ဖြင့် ခွင့်ပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မဒန်းရေလှောင်တမံသည် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၆၅၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၅၂၀၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ၁၁၁၃ ဧက

စာမျက်နှာ ၉ ကော်လံ ၁ သို့

ကြေးမုံ အင်တာနက် အန္တာတိက သုတေသနသတင်း

ဘာသာပြန် - ရေမောင်

ဂျာမနီ၏ သိပ္ပံသုတေသနစခန်းသစ် အန္တာတိကဒေသ၌ စတင်ဖွင့်လှစ်

ဘာလင် ဖေဖော်ဝါရီ ၂၄

ဂျာမနီနိုင်ငံ၏ အန္တာတိက သိပ္ပံသုတေသနစခန်းသစ်ကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျာမနီနိုင်ငံသည် နျူမေယာ(၃)ဟု အမည်ပေးထားသော အန္တာတိက သုတေသနစခန်းသစ်ကို ခုနစ်လကြာမျှ တည်ဆောက်ခဲ့ရသည်။ တည်ဆောက်မှုကာလအတွင်း ဆီးနှင်းမုန်တိုင်းများ တိုက်ခတ်မှုနှင့် အအေးဓာတ်ပြင်းထန်မှုတို့ကို တွေ့ကြုံခဲ့ရသည်။

တောင်ဝင်ရိုးစွန်းရှိ အန္တာတိကဒေသတွင် သိပ္ပံသုတေသနစခန်းသစ် ဖွင့်လှစ်နိုင်ခြင်းမှာ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အောင်မြင်မှုဖြစ်ကြောင်း၊ အဆိုပါ စခန်းသစ်တွင် သိပ္ပံပညာရှင်များအနေဖြင့် ရာသီဥတုဒဏ်ကို မမှုဘဲ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း ဂျာမနီသုတေသနနှင့် ပညာရေးဝန်ကြီး အန်းနက်ချာဗန်က ပြောကြားသည်။

အန္တာတိက သုတေသန စခန်းသစ်သည် သုတေသနစခန်းဟောင်း၏ တောင်ဘက် ၆ ဒသမ ၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။

ဂျာမနီနိုင်ငံမှ သိပ္ပံပညာရှင်များသည် နျူမေယာအမည်ရှိ သုတေသနစခန်းတွင်အခြေစိုက်ကာ နိုင်ငံတကာမှ သိပ္ပံပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့

ဂျာမနီနိုင်ငံက တောင်ဝင်ရိုးစွန်း၌ ဖွင့်လှစ်ထားသော သိပ္ပံသုတေသနစခန်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*